# Modern Teaching Tools
# Batch 4

စာမျက်နှာ


1. About Program (သင်တန်းအကြောင်း) 2
2. Curriculum and LMS (သင်ရိုးညွှန်းတမ်းနှင့် သင်ခန်းစာများ လေ့လာနည်း) 3
3. Zoom Class Timetable (တိုက်ရိုက်သင်တန်းချိန်များ) 5
4. Assessments (တတ်မြောက်မှုစစ်ဆေးခြင်း) 6
5. Certificate Criteria (သင်တန်းပြီးမြောက်ကြောင်းလက်မှတ်) 6
6. Rules and Regulations (လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ) 7
7. Contact (ဆက်သွယ်ရန်) 12
8. FAQs (အမေးများသော မေးခွန်းနှင့်အဖြေများ) 12

**About Program (သင်တန်းအကြောင်း)**

ယခု Training ၏ အဓိကရည်ရွယ်ချက်မှာ Canva၊ InShot နှင့် Google Classroom တို့ကို ထိထိရောက်ရောက်အသုံးချနိုင်စေရန်၊ ဆရာ၊ဆရာမများအား ၎င်းတို့၏သင်ကြားမှုအလေ့အကျင့်များနှင့် ကျောင်းသားသားရေးထိတွေ့ဆက်ဆံမှုကို မြှင့်တင်ရန်ဖြစ်သည်။ Training တက်ရောက်ခဲ့သော ဆရာ၊ဆရာမနှင့် သင်ကြားသင်ယူမှု ပြုလုပ်နေသော သူများမှတဆင့် အပြန်အလှန်အကျိုးသက်ရောက်ပြီး ထိရောက်သောသင်ယူမှုပတ်ဝန်းကျင်တစ်ခုဖန်တီးနိုင်ကြရန် ရည်ရွယ်ထားပါသည်။ ဒစ်ဂျစ်တယ်ကိရိယာများကို လက်တွေ့ စာသင်ခန်းများတွင် အသုံးပြုပြီး၊ နောက်ဆုံးတွင် ကျောင်းသားရလဒ်များကို ပိုမိုကောင်းမွန်စေကာ ပိုမိုဆွဲဆောင်မှုရှိသော ပညာရေးအတွေ့အကြုံကို မွေးမြူပေးနိုင်ရန် ရည်ရွယ်ပါသည်။

သင်တန်းတက်ရောက်ရန် ဖုန်း (သို့) လက်ပ်တော့ ရှိရန်လိုအပ်ပြီး အင်တာနက် အသင့်အတင့် ကောင်းမွန်ရန် လိုအပ်ပါသည်။ Myanmar Teacher Platform မှတဆင့် ကိုယ်တိုင်သင်ယူလေ့လာမှု Self Learning ပြုလုပ်ရမည်ဖြစ်ပြီး သင်ခန်းစာများအား ပိုမိုရှင်းလင်းနားလည်စေရန် Zoom ဖြင့်ပြုလုပ်သော အတန်းများအား တက်ရောက်နိုင်ပါသည်။ Zoom Class Recording များလည်း Drive Folder ဖြင့် ပြန်လည်မျှဝေပေးမည်ဖြစ်သည်။

သင်ခန်းစာများအား ဆွေးနွေးရန်၊ ကြေညာချက်များ ရရှိရန်နှင့် ဆရာများနှင့်တွေ့ဆုံနိုင်ရန် Telegram Group များ ပြုလုပ်ပေးထားပါသည်။ သင်တန်းသားတို့သည် သင်တန်းမစတင်မီ အကြိုစစ်ဆေးမှုနှင့် သင်တန်းပြီးဆုံးချိန်တွင် တက်မြောက်မှုစစ်ဆေးခြင်း (Tests) များအား ဖြေဆိုရမည်ဖြစ်ပြီး ၁၀ မိနစ် မှ ၁၅ မိနစ် ခန့် အချိန်ပေးကာ ဖြေဆိုနိုင်ပါသည်။

သင်တန်းသားတိုင်းအတွက် ကျောင်းသားအမှတ် Student ID တစ်ခုစီရရှိမည်ဖြစ်ပြီး၊ ထို ID နံပါတ်သည် Facebook အကောင့်နှင့်ချိတ်ဆက်ထားသောကြောင့် အကောင့်တစ်ခုတည်းကိုသာ သင်တန်းအစမှ အဆုံး အသုံးပြုရမည်ဖြစ်သည်။

Student ID ကျောင်းသားအမှတ်ရယူရန်

**What is my ID?**

ဟူသော စာသားအား MYEO Messenger သို့ပေးပို့ပါ။

**Curriculum and LMS (သင်ရိုးညွှန်းတမ်းနှင့် သင်ခန်းစာများ လေ့လာနည်း)**

ICT : Modern Teaching Tools Training သည် ၁၀ ရက်တာ ကြာမြင့်မည်ဖြစ်ပြီး လေ့လာသင်ယူရမည့် သင်ခန်းစာများ နှင့် လုပ်ငန်းစဥ်များအား နေ့ရက် အလိုက် ခွဲခြားထားပါသည်။

| နေ့ရက် | Activity and Learning Materials (လုပ်ငန်းစဥ်နှင့် သင်ခန်းစာများ) |
|---|---|
| နိုဝင်ဘာလ ၈ ရက်နေ့ | Orientation Session တက်ရောက်ခြင်း<br>• Manmar Teacher Platform မိတ်ဆက်ခြင်း<br>• Myanmar Teacher Plaform တွင် အကောင့်ဖွင့်ခြင်း<br>• MYEO Messenger Chatbot အသုံးပြုနည်းအားလေ့လာခြင်း<br>• အကြိုစစ်ဆေးမှုဖြေဆိုခြင်း<br>• သင်တန်းအချိန်ဇယားနှင့် သင်တန်းစည်းကမ်းများ |
| နိုဝင်ဘာလ ၉ နှင့် ၁၀ ရက်နေ့ | Myanmar Teacher Platform တွင်<br>• Google Classroom နှင့်<br>• Inshot အားလေ့လာခြင်း |
| နိုဝင်ဘာလ ၁၁ ရက်နေ့ | Training Day 1<br>• Myanmar Teacher Platform တွင် Google Classroom သင်ခန်းစာလေ့လာခြင်း<br>• Google Classroom အတန်းချိန်အား ညနေ ၆ နာရီ မှ ၈ နာရီ တွင် zoom မှ တဆင့်တက်ရောက်လေ့လာခြင်း |
| နိုဝင်ဘာလ ၁၂ ရက်နေ့ | Training Day 2<br>• Myanmar Teacher Platform တွင် Google Classroom သင်ခန်းစာလေ့လာခြင်း<br>• Google Classroom အတန်းချိန်အား ညနေ ၆ နာရီ မှ ၈ နာရီ တွင် zoom မှ တဆင့်တက်ရောက်လေ့လာခြင်း |
| နိုဝင်ဘာလ ၁၃ ရက်နေ့ | Training Day 3<br>• Myanmar Teacher Platform တွင် Inshot သင်ခန်းစာလေ့လာခြင်း<br>• Inshot အတန်းချိန်အား ညနေ ၆ နာရီ မှ ၈ နာရီ တွင် zoom မှ |

| | |
|---|---|
| | တဆင့်တက်ရောက်လေ့လာခြင်း |
| နိုဝင်ဘာလ ၁၄ မှ ၁၇ ရက်နေ့အထိ | • MYEO Messenger တွင် Post Test ဖြေဆိုခြင်း<br>• Myanamar Teacher Plaform တွင် စာလေ့လာမှု ၁၀၀% ပြည့်ပြီး Certificate ရယူခြင်း |

**LMS (သင်ခန်းစာများလေ့လာရမည့် နည်းလမ်းများ)**

Learning Management System LMS သည် သင်ခန်းစာများလေ့လာခြင်း၊ ဆန်းစစ်မှုများဖြေဆိုခြင်း၊ မှတ်ချက်များပေးခြင်း၊ နှင့် သင်တန်းပြီးမြောက်ကြောင်းလက်မှတ်များထုတ်ယူနိုင်ရန်အတွက် စနစ်တစ်ခုဖြစ်ပါသည်။

ယခုသင်တန်းတွင် သင်ကြားမည့်သင်ခန်းစာများအား Myanmar Teacher Plaform တွင် ကြိုတင်လေ့လာနိုင်ပြီး လေ့လာမှု ပြီးမြောက်ပါက Certificate ရရှိမည်ဖြစ်ပါသည်။ သင်တန်းကာလအတွင်း ဆန်းစစ်မှုနှင့် အကြံပြုချက်များအား MYEO Messenger တွင်ပြုလုပ်ရပါမည်။

MYEO တွင် Messenger ကို အခြေခံထားသော အလိုလျောက်သင်ကြားသည့် Chatbot စနစ်ကို အသုံးပြုထားပါသည် ။ထို့ကြောင့် သင်တန်းသားများသည် Messenger Chatbot မှ တဆင့် အထက်ဖော်ပြပါအချက်များကို မိမိတို့စာရင်းပေးသွင်းခဲ့သော Facebook Messenger ကို အသုံးပြုကာ လုပ်ဆောင်ကြရမည်ဖြစ်သည်။

ICT : Modern Teaching Tools Training အတွက် Messenger Chatbot တွင် ဆန်းစစ်မှုများဖြေဆိုပြီး မှတ်ချက်များပေးနိုင်ရန်

**inshot google classroom**

ဟူသော စာသားအား MYEO Messenger သို့ပေးပို့ရမည်ဖြစ်သည်။ စာရင်းပေးသွင်းထားသည့် အကောင့်များကိုသာ စာပြန်မည်ဖြစ်သောကြောင့် မိမိတို့အသုံးပြုမည့် အကောင့်သည် အစမှ အဆုံးအထိ တစ်ခုတည်းဖြစ်ရပါမည်။

ပြုလုပ်နည်းလမ်းညွှန်အား အောက်ပါ Link ကိုနှိပ်၍ ဗီဒီယိုကြည့်ရှု လေ့လာနိုင်ပါပြီ။

https://drive.google.com/drive/folders/1EfzimQnWiZ0t7xxqtbYBmwT6APDsWUUD?usp=sharing

သင်ခန်းစာများအား Orientation Session ပြုလုပ်ပြီးသည့်အချိန်မှစ၍ Myanmar Teacher Platform တွင် ကြိုတင်လေ့လာရမည်ဖြစ်ပါသည်။
Zoom အတန်းချိန်မတိုင်မီ သတ်မှတ်သင်ခန်းစာများအား လေ့လာထားရမည်ဖြစ်ပါသည်။

**Zoom Class Timetable (တိုက်ရိုက်သင်တန်းချိန်များ)**

| Date | Time | Topic |
|---|---|---|
| Day 1<br>နိုဝင်ဘာလ ၁၁ ရက်နေ့ | ညနေ ၆ နာရီမှ ၈ နာရီ အထိ | Google Classroom |
| Day 2<br>နိုဝင်ဘာလ ၁၂ ရက်နေ့ | ညနေ ၆ နာရီမှ ၈ နာရီ အထိ | Google Classroom |
| Day 3<br>နိုဝင်ဘာလ ၁၃ ရက်နေ့ | ညနေ ၆ နာရီမှ ၈ နာရီ အထိ | Inshot |

Zoom အတန်းတက်သည့်အခါ မိမိ၏ အမည်ကို Nickname +Student ID (ဥပမာ - Thazin 12345 ) အဖြစ်ထားရှိရမည်။ ID ပြောင်းမှသာ အတန်းခေါ်ကြိမ်ရရှိမည်ဖြစ်သည်။

Zoom အတန်းချိန်များမတက်ရောက်နိုင်ပါက @myeocommunity Telegram အကောင့်တွင် ခွင့်တိုင်ရန်လိုအပ်ပြီး၊ စုစုပေါင်း ၄ ချိန် တက်ရောက်ရမည်ဖြစ်ပါသည်။

**ခွင့်တိုင်ရန်အတွက်**
**Student ID - 123456**
**Case အကြောင်းအရင်း - အလုပ်ကိစ္စ၊ နေမကောင်းပါ၍၊ စသဖြင့် ရေးသားပေးပို့ပါ။**

Zoom အတန်းများအတွက် recording video များအား အောက်ပါ Folder ထဲတွင် ပြန်လည်မျှဝေပေးသွားမည်ဖြစ်သည်။

Recording Folder:
https://drive.google.com/drive/folders/1FjyUtbkL62SUgvCQLT2kdc3yLFcnxFwe?usp=sharing

## Post Assessments (တတ်မြောက်မှုစစ်ဆေးခြင်း)

သင်တန်းကာလအတွင်း လေ့လာသင်ယူရသော သင်ခန်းစာများအတွက် Post Assessment ဆန်းစစ်မှုရှိမည်ဖြစ်ပြီး ၁၀ မိနစ်ခန့်သာကြာမြင့်မည်ဖြစ်ပါသည်။ သင်တန်းအပြီး ၂ ရက်အတွင်း အောက်တိုဘာလ ၂၇ ရက်နောက်ဆုံး ဖြေဆိုရပါမည်။

Post Test ဖြေဆိုနည်း -

https://drive.google.com/drive/folders/18lfmqasmiuSaLpn6RfpCPiCQUL8gRBj-?usp=sharing

## Feedback (မှတ်ချက် အကြံပြုချက်များပေးနည်း)

လေ့လာသင်ယူရသော သင်ခန်းစာများနှင့် အတန်းချိန်များ၏ သင်ကြားမှု များအတွက် မှတ်ချက်များပေးရန်လိုအပ်ပါသည်။ မှတ်ချက်များသည် နောက်လာမည် သင်တန်းများအား ပိုမိုကောင်းမွန်စွာ စီစဥ်နိုင်ရန် အလွန်အရေးပါသောကြောင့် ဖြေဆိုရန် တိုက်တွန်းပါသည်။ မေးခွန်းနံပါတ် ၁၃ တွင်မေးထားသော ဖုန်းနံပါတ်ကို ဖုန်းဘေဖြည့်ပေးမည်ဖြစ်သောကြောင့် မှန်ကန်စွာဖြည့်ရန်လိုအပ်ပါသည်။ B2B ကဒ်များနှင့် International Numbers များသည် ဘေဖြည့်သွင်းပေး၍ မရပါ။

Feedback (မှတ်ချက် အကြံပြုချက်များပေးနည်း) -

https://drive.google.com/drive/folders/1PWfb8RcxVACaRzbI6X9MvWcKWkCuY12n?usp=sharing

## Certificate Criteria (သင်တန်းပြီးမြောက်ကြောင်းလက်မှတ်)

### Certificate


သင်တန်းတက်ရောက်သူများသည် Zoom အတန်းများ တက်ရောက်ရုံသာမက Myanmar Teacher Platform တွင်ပါ သင်ခန်းစာများကို ကိုယ်တိုင်လေ့လာရမည်ဖြစ်ပါသည်။


သင်တန်းပြီးမြောက်ကြောင်း Ceritifcate သည် Myanmar Teacher Platform တွင် စာလေ့လာမှု ပြီးဆုံးမှသာ ထုတ်ယူရရှိနိုင်မည်ဖြစ်ပါသည်။

## Rules and Regulations (လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ)

### (က) တယ်လီဂရမ် ဂရုတွင် လိုက်နာရမည့်အချက်များ

- တယ်လီဂရမ်  ဂရု သို့ဝင်ရောက်ပြီးနောက် ကြေညာချက်များအား သေချာစွာဖတ်ရှုရပါမည်။
- မိမိ၏ တယ်လီဂရမ် နှင့် Zoom အမည် နေရာတွင် အမည် အတိုကောက် နှင့် ကျောင်းသားအမှတ် (Student ID) ကို အမည်အဖြစ် ထားရှိရပါမည်။ ဥပမာ - မိမိအမည်သည် မောင်မောင် ဖြစ်ပါက မောင်မောင် (123456)။ အကယ်၍ အမည်ပြောင်းရန် အခက်အခဲရှိပါက facilitator အား ပြောပြ အသိပေးရန် လိုအပ်ပါသည်။
- မိမိ ၏ ကျောင်းသားအမှတ် Student ID အား  ဂရု ထဲတွင် message ရေးသား ပေးပို့ရပါမည်။
- အတန်းများ တက်ရောက်ရန် မအားလပ် (သို့) အခက်အခဲရှိသည့် အခါ facilitator  များအား Direct Message မှ ဖြစ်စေ၊  ဂရုထဲတွင် စာပို့၍ဖြစ်စေ အကြောင်းကြားရပါမည်။
- ခွင့်တင်ရာတွင် Student ID နှင့် အကြောင်းအရာကို ရေးသား၍ MYEO ၏ Telegram အကောင့်ဖြစ်သော @myeocommunity သို့ ကြိုတင် အကြောင်းကြားရပါမည်။
- မရှင်းလင်းသည်များ၊ ဆွေးနွေးလိုသည်များအတွက်Telegram Group တွင်  မေးခွန်းများ ရေးသားကာ မေးမြန်းဆွေးနွေးရပါမည်။
- အခြားသူများ၏ ဆွေးနွေးမှုများအား လေးစားသမှု ရှိရပါမည်။ မတူကွဲပြားမှုများကို လက်ခံ နားလည်ရပါမည်။
- Telegram Group တွင် ကျောင်းသားအချင်းချင်း ပုတ်ခတ်ပြောဆိုခြင်း၊ အဖွဲ့အစည်းအပေါ် ပုတ်ခတ်ပြောဆိုခြင်းများကို ရှောင်ရှားရမည်။ အဆင်မပြေမှုများရှိပါက သင်တန်းဆရာသို့ တိုက်ရိုက်ပြောကြားနိုင်ပြီး MYEO မှ အကောင်းဆုံးဖြေရှင်းပေးပါမည်။ သို့သော် သင်တန်းနှင့် မသက်ဆိုင်သော ၊ မိမိတို့ တတ်နိုင်သည်ထက် ကျော်လွန်နေသော ပြဿနာများအတွက် ဖြေရှင်းပေးမည်မဟုတ်ပါ။
- သင်တန်းသားများနှင့်အတူရှိနေသော မိမိ၏ တယ်လီဂရမ် အကောင့်ကို လုံခြုံစွာထားရပါမည်။ အောက်ပါနည်းလမ်းများအား အသုံးပြုနိုင်သည်။


MYEO
Telegram နာမည်ပြောင်းခြင်း
Telegram Setting ကိုနှိပ်ပါ
အပေါ်ထောင့်ရှိ အစက်သုံးစက်ကို နှိပ်ပါ
Edit Name ကို နှိပ်ပါ
နာမည် နောက်တွင် Student Id ကို ထည့်ပြီးပါက အမှန်ခြစ်ကို နှိပ်ပါ
MYANMAR YOUTH EMPOWERMENT OPPORTUNITIES



MYEO
Telegram ဖုန်းနံပါတ်ဖျောက်ခြင်း
Telegram Setting မှ Privacy and Security ကိုနှိပ်ပါ
Phone Number ကိုနှိပ်ပါ
Who can see အတွက် Nobody ကို ရွေးပါ
Who can find အတွက် My Contacts ကိုရွေးပါ
MYANMAR YOUTH EMPOWERMENT OPPORTUNITIES

**(ခ) အွန်လိုင်းတိုက်ရိုက်အတန်းချိန်များတွင် လိုက်နာရမည့်အချက်များ**

1. Zoom အတန်းတက်ရောက်သည့်အခါ မိမိ၏ Zoom တွင်ပေါ်သော အမည် (Zoom Display Name) အား Nickname+Student ID (ဥပမာ - Aung Aung 123456 ) အဖြစ် ပြောင်းပေးရပါမည်။
2. Zoom Class စာသင်ခန်းသို့ အချိန်မီ၊ နောက်မကျပဲ ရောက်ရှိရပါမည်။ သင်တန်းဆရာမှ ၅ မိနစ်ခန့်သာ စောင့်ဆိုင်းပေးမည်ဖြစ်သည်။
3. အင်တာနက်လိုင်းနှေးကွေးမှု နှင့် စာသင်ကြားမှုကို အနှောက်အယှက် မဖြစ်စေရန် သင်တန်းချိန်အတွင်း မိမိ၏ ဗီဒီယိုကင်မရာ ပိတ်ထားရမည်။ သင်တန်းဆရာ၏ လိုအပ်ချက်အရ ဗွီဒီယို ဖွင့်ခိုင်းလာလျှင် ဖွင့်ပေးရမည်။
4. လေ့လာ သင်ယူရန်အတွက် ကောင်းမွန်သော၊ လုံခြုံစိတ်ချရသော နေရာခင်းကျင်းတစ်ခုတွင် ရှိရပါမည်။ အကယ်၍ မိမိ နေထိုင်ရာ အရပ်တွင် အွန်လိုင်းမီတင်ပြုလုပ်ရန်အတွက် အဆင်မပြေမှုများ ရှိလာပါက သက်ဆိုင်ရာ facilitator များအား အကြောင်းကြားရပါမည်။
5. အကယ်၍ မိမိ၏ နေရာတွင် ဆူညံသံများ ရှိနေပါက၊ သို့မဟုတ် စကားမပြောနေပါက အသံပိတ်ခြင်း (Mute) ကို ပြုလုပ်ရပါမည်။
6. သင်ခန်းစာများကို မှတ်စုထုတ် လေ့လာမှတ်သားရန်အတွက် ပြင်ဆင်ထားရပါမည်။
7. သင်တန်းချိန်အတွင်း အာရုံစူးစိုက်မှု အပြည့်ထားရှိ ပြီး အတန်းတွင်းလှုပ်ရှားမှု များတွင် ပါဝင်ရပါမည်။
8. အတန်းချိန်အတွင်း မေးခွန်းများမေးလိုပါက၊ ဆွေးနွေးလိုပါက Zoom Reaction မှ Raise Hand လုပ်ပေးရပါမည်။
9. အခြားသူများ၏ ဆွေးနွေးမှုများအား လေးစားသမှု ရှိရပါမည်။ မတူကွဲပြားမှုများကို လက်ခံနားလည်ရပါမည်။

Zoom အမည်ပြောင်းခြင်းနှင့် Zoom တွင် အသံဖွင့်ပိတ်ခြင်းများအတွက် အောက်ပါ လမ်းညွှန်ချက်များအား မှတ်သားလုပ်ဆောင်နိုင်ပါသည်။

## Zoom တွင် နာမည်ပြောင်းခြင်းနှင့် Reactions များအသုံးပြုခြင်း



Participants ကိုနှိပ်ပါ


မိမိနာမည်(သို့) အကောင့် ကိုနှိပ်ပါ

နာမည် နောက်တွင် Student Id ကို ထည့်ပြီးပါက Done နှိပ်ပါ

Reactions ကို နှိပ်ပြီး ရွေးချယ်အသုံးပြုနိုင်ပါသည်

MYANMAR YOUTH EMPOWERMENT OPPORTUNITIES

## Zoom အသံ ချိတ်ဆက်ခြင်း



Join Audio ကို နှိပ်ပါ

Wifi or Cellular Data ကိုနှိပ်ပါ

ယခုပုံစံအတိုင်းဖြစ်ပါက အသံကြားရမည်ဖြစ်သည် စကားပြောလိုပါက Unmute ကို နှိပ်ပါ

MYANMAR YOUTH EMPOWERMENT OPPORTUNITIES

### (ဂ) MYEO သင်တန်းသား တစ်ဦးအနေဖြင့် လိုက်နာရမည့်အချက်များ

1. သင်တန်းဆရာ၊ ဆရာမများ နှင့် အခြားသော သင်တန်းဖော်များ၏ ကိုယ်ရေးအချက်များ မျှဝေခြင်း လုံးဝ (လုံးဝ) မပြုလုပ်ရပါ။
2. ကိုယ်ရေးကိုယ်တာ အချက်အလက်များ (ဥပမာ- အမည်အရင်း၊ မွေးနေ့၊ မှတ်ပုံတင်အမှတ်၊ အိမ်လိပ်စာ စသည့် personal identity များ) ပြောဆိုဆွေးနွေးခြင်း၊ မျှဝေခြင်း မပြုလုပ်ရပါ။
3. သင်တန်းသားအချင်းအချင်း လေးစားမှုထားပြီး Peer-learning ပြုလုပ်ရမည်။
4. သင်တန်းသားများသာ ရရှိသည့် Telegram Group Link နှင့် Zoom Link တို့အား အခြားပြင်ပ မှ သူများနှင့် မျှဝေခြင်း၊ ဖိတ်ခေါ်ခြင်းများ မပြုလုပ်ရပါ။
5. သင်ခန်းစာဖိုင်များနှင့် recording video များအား သင်တန်းသား မဟုတ်သူများနှင့် မျှဝေခြင်း မပြုလုပ်ရပါ။
6. ဆန်းစစ်မှုများဖြစ်သော Test, Quiz နှင့် Feedback များအား သတ်မှတ်ချိန်အတွင်းဖြေဆိုရပါမည်။
7. သင်တန်းတွင်း လှုပ်ရှားမှုများနှင့် သင်ခန်းစာ Slides များအား ခွင့်ပြုချက်မရှိပဲ Screenshot ရိုက်ခြင်းနှင့် ပြန်လည် မျှဝေခြင်း မပြုလုပ်ရပါ။ သင်တန်းဆရာမှ ခွင့်ပြုမှသာ လုပ်ဆောင်ရမည်။
8. သင်တန်းသားအချင်းချင်းကြား သင်တန်းနှင့် မသက်ဆိုင်သော အကြောင်းအရာများအပေါ် အခြေခံ၍ ဖြစ်ပေါ်လာသော အချင်းပွားမှု၊ အငြင်းပွားမှုများကို သင်တန်းမှ တာဝန်ယူ ဖြေရှင်းပေးခြင်း နှင့် သင်တန်းနှင့် သက်ဆိုင်ခြင်းရှိမည် မဟုတ်ပါ။ Private Chat များတွင် ဖြစ်ပေါ်သော ပြဿနာများအားလည်း ရှင်းလင်းပေးမည် မဟုတ်ပါ။

### Bill Reimbursement

အတန်းတက်ရောက်သူတိုင်းသည် ဖုန်းဘေထောက်ပံ့ကြေးခံစားခွင့်ရှိမည်ဖြစ်ပါသည်။

Zoom သင်တန်း ၃ ရက်အတွက် တစ်ရက်လျှင် **၅,၀၀၀** နှုန်းဖြင့် **၁၅,၀၀၀** ကျပ်အပြင်
Myanmar Teacher Platform တွင် သင်ခန်းစာများအား ၁၀၀% အပြည့်လေ့လာထားပါက ၅၀၀၀ ကျပ်ဖြင့်

စုစုပေါင်း **၂၀,၀၀၀** ကျပ်စီ အများဆုံး ေထာက်ပံ့ ပေးမည်ဖြစ်ပါသည်။

သို့ရာတွင် အတန်းပျက်ကွက်ပါက တစ်ချိန်လျှင် **၅,၀၀၀** ကျပ် လျော့မည်ဖြစ်ပြီး Teacher Plaform တွင် စာလေ့လာမှုပြီးမြောက်ခြင်းမရှိပါက **၅,၀၀၀** ကျပ် လျော့မည်ဖြစ်ပါသည်။

Zoom အတန်း ၃ ကြိမ်ပြီးဆုံးပြီး နောက်ထပ် ၂ ရက်အထိ Myanmar Teacher Plaform တွင် Self Learning လေ့လာမှုများအား ထည့်သွင်းသွားမည်ဖြစ်ပါသည်။

ထောက်ပံ့ကြေးများသည် အမှန်တကယ်သင်ယူလေ့လာမှု ပြုလုပ်သူများနှင့် အင်တာနက်ဘေအခက်အခဲ ရှိသူများအား ထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။

ဖုန်းဘေများအား သင်တန်းပြီးဆုံးပြီးနောက် ၁၄ ရက်အတွင်း ဖြည့်ပေးမည်ဖြစ်ပြီး ရုံးပိတ်ရက်များအား အဆိုပါ ၁၄ ရက်တွင် ထည့်မတွက်ပါ။

### Contact (ဆက်သွယ်ရန်)

- သင်ခန်းစာနှင့်ပက်သက်သည်များအား မေးမြန်းရန် “Telegram Group” တွင် ဆက်သွယ်ပါ။
- ခွင့်တိုင်ရန်နှင့် သီးသန့်ဆွေးနွေးလိုသည်များအတွက် @myeocommunity , Telegram Admin အကောင့်ကို ဆက်သွယ်နိုင်သည်။ ရုံးချိန် **မနက် ၉ နာရီမှ ညနေ ၆ နာရီ**အတွင်း ပြန်လည်ဖြေကြားပေးမည်ဖြစ်သည်။
- အိမ်စာများရှိလာပါက အိမ်စာထပ်ရန် faci@mymyeo.com သို့ email ပေးပို့ရမည်။

### FAQs (အမေးများသော မေးခွန်းနှင့်အဖြေများ)

**** နံပါတ် 1,2,... တပ်ထားသည်မှာ အမေးဖြစ်လျှင် bullet point ပြထားသည်မှာ အဖြေဖြစ်သည်။**

1. Student ID ဘယ်လိုသိရမလဲ။
    - Student ID ကျောင်းသားအမှတ်ရယူရန် **What is my ID?** ဟူသော စာသားအား MYEO Messenger သို့ပေးပို့ပါ။
2. Student ID က ဘယ်နေရာမှာ သုံးရမှာလဲ။
    - အတန်းချိန် attendance ရယူဖို့နဲ့ Certificate ရယူဖို့ သုံးပါတယ်။ အကောင့်က တစ်ခုထဲဖြစ်ရပါမယ်။
3. အတန်းချိန်မှာ မအားလို့ မတက်လို့ ရလား။
    - ခွင့်ယူနိုင်ပါတယ်။ စာပြန်လေ့လာဖို့လိုပါတယ်။
    - Bill reimbursement သည် အတန်းချိန် တက်ရောက်မှ သာ ရရှိပါမည်။
4. အတန်းချိန်မပြည့်ရင် ဘာဖြစ်မှာလဲ။
    - Bill reimbursement တွင် သက်ရောက်မှု ရှိနိုင်ပါသည်။
5. Certificate ရအောင် ဘယ်လိုလုပ်ရမလဲ။
    - သင်ခန်းစာတွေကို Myanmar Teacher Platform တွင် အကုန်လေ့လာပါ။
    - ပြီးနောက် Certificate ရယူပါ။
6. ခွင့်ဘယ်လိုတိုင်ရမလဲ။
    - ခွင့်တိုင်ရန်အတွက် , Student ID - 123456, Case အကြောင်းအရင်း - အလုပ်ကိစ္စ၊ နေမကောင်းပါ၍၊ စသဖြင့် ရေးသားကာ **@myeocommunity** Telegram အကောင့်သို့ပေးပို့ပါ။

7. Group ပြောင်းပေးလို့ရလား။
    - စာရင်းပေးသွင်းချိန်အလိုက် အလိုလျောက်ခွဲပေးတဲ့စနစ်မလို့ ပြောင်းပေးလို့မရပါ။